# ရှစ်လေးလုံး လူထုဒီမိုကရေစီအရေးတော



# တ်ပုံကြီး (၁၅) နှစ်မြောက်အထိမ်းအမှတ်



# ...တ်ပုံကြီး (၁၅) နှစ်မြောက်အထိမ်းအမှတ်

## ...စကားများ

...မျိုးသားသီချင်းကို သံပြိုင်သီဆိုခဲ့ကြသည်။ ပစ္စတိုသံ နှစ်ချက်ကြားလိုက်ရပြီး
... အမှောင်ထုအောင်ရှိ ဗန္ဓုလပန်းခြံဝန်းကျင် အဆောက်အဦများကြားတွင်
... ကျည်ဆံထိပြီး လူများအစုလိုက်အပြုံလိုက် လဲကျသွားကြသည်။ လမ်း
...ဖြင့် ချက်ချင်း နီရဲသွားတော့သည်။ လူတွေဟာ အော်ဟစ်ပြီး အိမ်များ၊
...ကစဥ့်ကလျား ပြေးဝင်ပုန်းအောင်းကြသည်။ ထိုမှတဖန် ထိတ်လန့်စွာဖြင့်
...ထပြေးကြပြန်သည်။

...n Mydans)

**...င်း စ်**

...တယ်မှာဆုံးသလဲဆိုတာ မမြင်ရဘူး"

**(Georgina)**

...ဆောင်တွေ ဘယ်သူလဲဆိုတာမေးရင်း ကျွန်တော့်ကို ၃ ရက်တိတိ မနားတမ်း
...င်းချင်တော့ ရန်ကုန်မှာရှိတဲ့ ကျွန်တော့်ဆွေမျိုးတွေက ပုလိပ်တွေကို ငွေပေးလို့
...တော်လွတ်လာခဲ့တယ်။ ထောင်ကလွတ်တော့ ရှူးသွားမလားလို့ အောက်မေ့
...လာအောင် ဆွေမျိုးတွေဆီမှာ အကြာကြီးနေခဲ့ရတယ်"

### ...်ဆံ ရေး ဌာန။ ရန်ကုန်တက္ကသိုလ်

...တွေကိုကြည့်ဖို့ လူမလောက်ဘူး။ ဆေးရုံမှာ သွေး၊ မေ့ဆေး၊ ပတ်တီးတွေ ကုန်
...ဆေးရုံထဲက သူနာပြုဆရာမတစု ထွက်လာကြတယ်။ အမျိုးသားအောင်လံကို
...ိုင်းဘုတ်ကိုလည်း သယ်လာကြတယ်။ သူနာပြုဆရာ၊ ဆရာမတွေနဲ့ ရောပြီး
...မ့်မယ်ထင်ပြီး ကျွန်တော်လည်း သူတို့နဲ့ လိုက်သွားခဲ့တယ်။ ကျွန်တော်တို့
...င်ဘက်အကွေ့မှာ စစ်ကားတစီးလာနေတာ မြင်ရတယ်။ ပစ်လိမ့်မယ်လို့
... သေနတ်သံတချက် ကြားလိုက်ရတယ်။ နောက်တချက် ဒီနောက် အော်တို
... ဆူညံသွားတာပဲ။ ဆေးရုံအမှုထမ်း လူတန်းကြီးထဲကို ပစ်ထည့်လို့ ဆေးရုံ
...ထဲမှာ သေတဲ့သူတွေ လူလိုမ့်နေကြတဲ့ သူတွေကို ကိုယ်တိုင်တွေ့ခဲ့ရတယ်။
...အဖြူမှာ သွေးတွေရဲနေတာ မြင်တော့ လူတွေ ငိုကြတယ်။"

**ကိုကို**
**ရန်ကုန်တက္ကသိုလ်**

...စုဝေးမှုကို တားဆီးရန် အမိန့်ပေးထားသည့်အတိုင်း ရန်ကုန်မြို့လယ်ခေါင်၌
...ဘာသာဝင်ဘုန်းတော်ကြီးများနှင့် လက်နက်မဲ့ဆန္ဒပြသူများစွာပါဝင်သော
...နတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ထိခိုက်ဒဏ်ရာရသူအတော်များကြောင်း မျက်မြင်
...ဆိုကြသည်။ သတင်းထောက်တယောက်က ကျောင်းသားတွေ ပစ်သတ်ခံ
...ကြတော့ဘူးလားဟု အခင်းဖြစ်ပွားရာနေရာမှ အေပီသတင်းထောက်ထံ
...င်းပို့ရင်း ငိုကြွေးနေသံကို ကြားရသည်။ "

**ဦးစိန်ဝင်း**
**ဝါရင့်သတင်းစာဆရာ**

...းသားလေးတွေကို ထိန်းဖို့မလွယ်ဘူး။ သူတို့အနေနဲ့ ဒေါသထွက်နေကြပြီး
...င်းထန်နေတယ်။ ပြီးတော့ စစ်တပ်နဲ့လည်း ရင်ဆိုင်ချင်ကြတယ်။ ကျွန်တော်တို့
...ရဘူး။ ကျောင်းသားတော်တော်များများ မောင်းပြန်သေနတ်ဒဏ်ရာ၊
...သဆုံးခဲ့ကြရတယ်။"

**အောင်ကျော်**
**ရန်ကုန်တက္ကသိုလ်**

...ာ့အဖေ ရန်ကုန်ဆေးရုံကြီးကို မနက် ၁၁ နာရီမှာ ရောက်တယ်။ ညီမလေးက
...တယ်။ သူက သွေးတွေ မျက်ရည်တွေ ပေလူးနေတဲ့ မျက်နှာလေးနဲ့ ဗိုလ်ချုပ်
...င်းနေလို့ သူ့အိပ်ယာပေါ်တင်ပေးခဲ့ရတယ်။"

**ကျော်သူ**
**(ကျောင်းသူလေး ဝင်းမော်ဦး၏အကို)**

## အဖေသို့

လူတယောက်ဖြစ်လျက်နဲ့
ကျွေးတဲ့ လက်ကိုကိုက်ခဲ
ခွေးထက်မိုက်ခဲ့ပါတယ် အဖေ။

ပြည်သူက လက်မခံချင်ကြပေမယ့်
သူ့မူက လက်သံပြောင်လှလို့
နက်ဖြန်မြဲအောင် ငြိမ်နေရတယ် အဖေ။

သူ့လက်မှာ အာဏာ
သူ့ပါးစပ်မှာ ပါဝါတွေနဲ့
သူ လူသတ်နေတယ် အဖေ။

သူသူကိုယ်ကိုယ်
ငိုနေကြတယ် အဖေ။

အဖေရဲ့ခွေးမိုက်
သားတို့ကို ကိုက်နေပြီ အဖေ။

သားတို့ရဲ့ ကံ့ကော်တောကိုလည်း
မွှေးရနံ့မကြိုင်ရလေအောင်
သူဖင် တနေရာမြဲစေဖို့
လုလင်ပျို ပညာတတ်တွေကို
ရက်စက် စတေးခံနေရတယ် အဖေ။

ငို‌ကြွေးနှုတ်ဆက်
မျက်ခွက်နဲ့ မျက်ရည်
အမေလည်း သားအလောင်းကို
ရှာနေပါတယ် အဖေ။

သူ့နောက်လိုက် မသမာသူတွေက
မညှာတာမှုနဲ့ ရက်စက်လို့
ကပျာကယာ အသာထွက်ရတဲ့
သားတို့ပါ အဖေ။

အဖေရဲ့ လမ်းစဥ်ကို မျက်ကွယ်ပြု
သန်း၅ကယ်ဖို့
သူငွေစုနေတယ် အဖေ။

လက်နက်ဆောင် ဗိုလ်တွေကြောင့်
လက်နက်မဲ့ ကျောင်းသားတွေ
အလောင်းမလှ အလောင်းမရကြပေမဲ့
ကောင်းမျိုးတွေ အထွေထွေချွန်စေဖို့
ဒေါင်းအိုးဝေကို တွန်စေ့၊ ကစေ့ ပါမယ် အဖေ။

အဖေမိန့်ခဲ့တဲ့ လွတ်လပ်ရေးရဲ့ အရသာ
သူတဦးတည်း ခံစားနေတယ် အဖေ။

အဖနိုင်ငံရဲ့ အသီးအပွင့်
သူချွေပစ်နေတယ် အဖေ။

အဖေ့ တိုင်းပြည်ရဲ့ ကျောက်စိမ်းတုံး
သူထိုင်ဖြုန်းနေတယ် အဖေ။

၁၉၆၂–ခုနှစ်မှာ ရာဇပလ္လင် ခွေးတက်လို့
သွေးထွက်စရာတွေဖြင့်
သွေးပျက်စရာဖြင့်
ပစ်စိုက်တဲ့ သူ့ကျည်ဆံ ဟိုမှန် ဒီမှန်
အဖေရဲ့ လယ်သမား
ဆန်ဝယ်စားဖို့ ခက်နေပြီ အဖေ။

အဖေရဲ့စစ်တပ်
ပြည်သူကိုသတ်ဖို့
သူစေခိုင်းနေတယ် အဖေ။

အဖေရဲ့ လူမျိုး
ဒုက္ခထမ်းပိုးနေကြတယ် အဖေ။

အဖေရဲ့ သားပျို
ဒဏ်ရာကိုယ်စီ ရနေကြတယ် အဖေ။

တမလွန် အဖရယ်
လူသတ်ကောင် စစ်ဘီလူးကို
ခွေးရူးနဲ့ ရူးတိုက်ဖို့တောင် မတန်ပါဘူး။

လွတ်လပ်ရေး ဒီမိုကရေစီကို ရည်သန်လို့
ဖက်ဆစ်ရေး သီအိုရီကို ဖီဆန်ပါ့မယ် အဖေ။

မသေချင်သေးပေမဲ့
နေဝင်ဖို့ မဝေးတော့တဲ့
မိစ္ဆာကောင် စစ်ဘီလူးကို
အာဏာရူးရဲ့ ဇာတ်ကို
အဖေ့ ဓားနဲ့
တအား ခုတ်လှဲ့ပါ အဖေ။

[၁၉၈၈ သွေးစွန်းရက်များမှ]

## ရှစ်လေးလုံးစိတ်ဓာတ် အစွန့်ရှည်ပါစေ။

"ရှစ်လေးလုံးဒီမိုကရေစီအုံကြွတောင်းဆိုမှုကြီးသည် အဖိနှိပ်ခံလူမျိုးစုံ ပြည်သူအပေါင်း၏ မပြီးဆုံးသေးသော ဒီမိုကရေစီရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအဆက်ဖြစ်သည်။ ဤအုံကြွတောင်းဆိုမှုအတွင်း အသက်သွေးပေး ဆပ်ခဲ့ကြရသော အာဇာနည်ထောင်သောင်း၏ မျှော်မှန်းချက်များသည် ယနေ့တိုင် အကောင်အထည် မပေါ်လာနိုင်ခဲ့သေးပေ။ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်း၍ ဒီမိုကရေစီနိုင်ငံထူထောင်ရေးဟူသော ရှစ်လေးလုံးအရေးတော်ပုံ စိတ်ဓာတ်ကို ကိုင်ဆွဲ၍ အမိနိုင်ငံတော်အတွက် ကိုယ်ကျိုးစွန့် တိုက်ပွဲဝင်ရေးသည် ယနေ့ကာလ မျိုးဆက်လူငယ်များအတွက် ရှစ်လေးလုံးက ပြဋ္ဌာန်းပေးလိုက်သော သမိုင်းပေး တာဝန်ဖြစ်လာသည်" ဟု ရှုမြင်ပေသည်။

**မိုးကြိုးအယ်ဒီတာအဖွဲ့**

လူငယ်များရဲ့ဘဝကို သာယာပါစေ။ လူငယ်များရဲ့ ဘဝ သာယာမှ ကျမတို့ရဲ့တိုင်းပြည်ဟာ တိုးတက်မှာပါ။ လူငယ်များရဲ့ဘဝ သာယာအောင် ဖန်တီးမပေးနိုင်ရင် နောင်ခေတ်အဆက်ဆက် ကျမတို့လူမျိုးများ သာယာမှု ရနိုင်မှာမဟုတ်ပါဘူး။ လူငယ်များဟာ ရွှင်လန်းဖို့လိုပါ တယ်။ အခုကျတော့ ဒီစနစ်အောက်မှာ လူငယ်တွေ ရွှင်ရွှင်လန်းလန်း မနေရပဲနဲ့ သွေးမြေကျ လှုပ်ရှားနေကြ ရတယ်။

ဒေါ်အောင်ဆန်းစုကြည်
လူထုခေါင်းဆောင်၊ ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်

ကျွန်တော်တို့ရဲ့ ဒီကျောင်းသားလှုပ်ရှားမှုတွေကို၊ ရှစ်လေးလုံးလူထုအရေးတော်ပုံကြီးကို အရေးအခင်းလို့ လာမလုပ်ပါနဲ့၊ သွေးနဲ့ရင်းထားတာဖြစ်တယ်၊ အရေးတော်ပုံကြီးကနေ တပြားမှ လျှော့မပေးနိုင်ဘူး။

မင်းကိုနိုင်
ဥက္ကဌ၊ ဗကသများအဖွဲ့ချုပ်

အထွေထွေသပိတ်ရဲ့ အမြင့်ဆုံးအပိုင်းဟာ တော်လှန်ရေးရဲ့ အနိမ့်ဆုံးအပိုင်းမှာပဲရှိသေးတယ်။ အနိမ့်ဆုံးအပိုင်းကို ဖြတ်သန်းဖို့ ကျယ်ပြန့်တဲ့ တပ်ပေါင်းစု ညီညွတ်ရေး အခြေခံ အုတ်မြစ်တွေကို မတည်ဆောက်နိုင်ကြသေးဘူး။ ဒါဟာ ဘယ်သူမှာ တာဝန်အရှိဆုံးလဲ။ အင်အားကြီး၊ နာမည်ကြီး နိုင်ငံရေးသမား၊ နိုင်ငံရေးအဖွဲ့အစည်းတွေမှာ လုံးဝတာဝန်ရှိတယ်။ ဒီတာဝန်ကို လစ်ဟင်းတဲ့ သူဟာ သမိုင်းရဲ့ ကဲ့ရဲ့သဂြိုဟ်မှုကို အကြီးအကျယ် ခံရလိမ့်မယ်။

မိုးသီးဇွန်
အထွေထွေအတွင်းရေးမှူး
ဗကသများအဖွဲ့ချုပ်

အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးတို့အတွက် ရှစ်လေးလုံးဒီမိုကရေစီ လူထုအရေးတော်ပုံကြီးအတွင်း အသက်ပေး တိုက်ပွဲဝင်သွားခဲ့ကြသည့် ရဟန်းရှင်လူ ကျောင်းသားပြည်သူအပေါင်းအား တော်လှန်ရေးသစ္စာဖြင့် ဦးညွှတ်ဂုဏ်ပြု အလေးအပ်ပါသည်။

အဝေးရောက်ရှစ်လေးလုံးရဲဘော်ရဲဘက်များ

